ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၀(၁၀၁)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၈ ရက်

အကြောင်းအရာ။ **အသားစားကျွဲ၊အသားစားနွား၊ နို့စားကျွဲ၊နို့စားနွားနှင့် ခိုင်းကျွဲ၊ခိုင်းနွားဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ သိရှိလိုက်နာ ဆောင်ရွက်ရန်ကိစ္စ**

၁။ ကျွဲ၊ နွားများကို မွေးမြူရန် ပြည်တွင်းသို့ သယ်ဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျွဲ၊ နွား အမျိုးအစားအလိုက် ခွင့်ပြုပေးရာတွင် အောက်ပါအဓိပ္ပာယ် သတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ကြရမည်-

(က) **အသားစားကျွဲ၊အသားစားနွား**ဆိုသည်မှာ နိုင်ငံခြား အသားစားကျွဲ၊အသားစားနွားမျိုးနှင့် ယင်းတို့၏ စပ်မျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် သင်းကွပ်ထားသည့် ကျွဲ၊နွား အထီးများမှအပ မျိုးပွားခြင်း မဆောင်ရွက်နိုင်သော၊ တစ်နည်းနည်းဖြင့် ခိုင်းစေရန် အစဉ် မသင့်လျော်သော၊ ကိုယ်လက်အင်္ဂါမပြည့်စုံသော ဒေသကျွဲ၊ ဒေသနွား အထီး၊ အမများလည်း ပါဝင်သည်။

(ခ) **နို့စားကျွဲ၊နို့စားနွား**ဆိုသည်မှာ နို့ထုတ်လုပ်မှု ကောင်းမွန်သည့် နိုင်ငံခြား နို့စားကျွဲ၊ နို့စားနွားများ၊ ယင်းတို့၏ စပ်မျိုးများနှင့် မျိုးစပ်ခြင်းလုပ်ငန်းအတွက် ရည်ရွယ် မွေးမြူထားသည့် နို့စား ကျွဲ၊ နို့စားနွား အထီး၊အမများကို ဆိုသည်။ ယင်းစကားရပ်တွင် နို့အုံနှင့် နို့တိုင် ဖွံ့ဖြိုးညီညာပြီး တစ်ရက်လျှင် နို့ထွက်နှုန်း ၂ ပိဿာ သို့မဟုတ် တစ်သား နို့ထွက် ပိဿာ ၂၀၀ နှင့်အထက် ထွက်ရှိသော ဒေသကျွဲ၊ဒေသနွားအမများလည်း ပါဝင်သည်။

(ဂ) **ခိုင်းကျွဲ၊ခိုင်းနွား**ဆိုသည်မှာ ကျန်းမာသန်စွမ်းပြီး လှည်းဆွဲရန်၊ သစ်ဆွဲရန်၊ ကုန်ပစ္စည်း တင်ရန်၊ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန်၊ တစ်နည်းနည်းဖြင့် ခိုင်းစေရန်နှင့် မျိုးပွားရန် လုံလောက်သည့် ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်မှုရှိသော ဒေသကျွဲ၊ ဒေသနွား အထီး၊ အမများကို ဆိုသည်။

20200727AMH

ကန့်သတ်

ကန့်သတ်

၂။ မျိုးစပ်ခြင်းလုပ်ငန်းအတွက် မွေးမြူရန် ရည်ရွယ်သယ်ဆောင်ခြင်းဖြစ်ပါက မျိုးတိရစ္ဆာန်အဖြစ် မှတ်ပုံတင်ထားသော ကျွဲ၊နွားများကိုသာ သယ်ဆောင်ခွင့်ပြုရမည်။

၃။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည် အသားစားကျွဲ၊အသားစားနွား သို့မဟုတ် နို့စားကျွဲ၊နို့စားနွား ဖြစ်ကြောင်း ထောက်ခံပေးရာတွင် မြို့နယ်ဦးစီးဌာနမှူးဦးဆောင်သော ဦးစီးဌာန၏ နယ်မြေ တာဝန်ခံ ဝန်ထမ်း အနည်းဆုံး ၁ ဦး ပါဝင်သည့်အဖွဲ့ဖြင့် စစ်ဆေး၍ ခွင့်ပြုထောက်ခံသွားကြရန်နှင့် ခွင့်ပြုပြီး ကြောင်းကို ကျွဲ၊နွားများ သယ်ဆောင်ရောက်ရှိမည့် ဒေသရှိ မြို့နယ်ဦးစီးဌာနမှူးသို့ အကြောင်းကြား ရမည့်အပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အထက်ရုံးအဆင့်ဆင့်သို့လည်း မိတ္တူပေးပို့ အစီရင်ခံ တင်ပြသွား ကြရမည်။

၄။ အထက်အပိုဒ် ၂ နှင့် အပိုဒ် ၃ ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း ပေါ်ပေါက်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူမည်ဖြစ်ကြောင်း အကြောင်းကြားလိုက် သည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)
ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)
မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**မိတ္တူကို**

ညွှန်ကြားရေးမှူးချုပ်ရုံး၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်၊(စီမံ၊သုကျန်း၊မွေးဖွံ့)၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲ(အားလုံး)၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မျှောစာတွဲ
လက်ခံစာတွဲ

20200727AMH

ကန့်သတ်